# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 22 , 2022 Volume 56, Number 14

**၂၂.၇.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၃၆၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၇၉.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၁၃.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၃.၃၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၅၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၃၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## 12th Annual Miami–Export Import International Trade Exhibition ကုန်စည်ပြပွဲ ကျင်းပမည်



12th Annual Miami–Export Import International Trade Exhibition ပြပွဲကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ အမေရိကန်ပြည်ထောင်စု၊ မီယာမီမြို့၊ Miami Airport Convention Center တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအတွက် Myanmar Exports to Global Markets ခေါင်းစဉ်ဖြင့် ပြပွဲတွင် ပါဝင်ပြသနိုင်ရေး စီစဉ်ထားပါကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသခြင်းဖြင့် အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါ၊ လက်တင်အမေရိကနှင့် မြေထဲပင်လယ် ဒေသတွင်း ၄၃ နိုင်ငံတို့၏ တင်သွင်းသူများ၊ လက်လီလက်ကား ဝယ်ယူ/ဖြန့်ဖြူး ရောင်းချသူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့်တိုက်ရိုက်ထိတွေ့နိုင်ခြင်း၊ လာရောက် ပြသသည့်နိုင်ငံများနှင့် သီးခြားတွေ့ဆုံနိုင်ခြင်းစသည့်အခွင့်အရေးများကို ရရှိနိုင်မည် ဖြစ်ပါသည်။

12th Annual Miami–Export Import International Trade Exhibition တွင် ပါဝင်ပြသလိုသော မြန်မာကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို email: info@exportimporttradeshow.com နှင့် တယ်လီဖုန်းအမှတ်၊ ၃၀၅-၂၆၂-၃၂၀၀ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

ပြပွဲဆိုင်ရာ အချက်အလက်များ သိရှိလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေး ဌာနခွဲ၊ ရုံးအမှတ် (၃)၊ နေပြည်တော်၊ ဖုန်း–၀၆၇–၄၀၈၆၂၂၊ ၀၆၇–၄၀၈၆၂၃ နှင့် email: moctradefair@gmail.com နှင့် moctradefair @myantrade.gov. mm တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ် ပါသည်။

**Source: MITC News**

## ပြည်တွင်း၊ ပြည်ပဝယ်လိုအားမြင့်တက်နေသဖြင့် ပဲယဉ်းဈေးကွက်သွက်လက်လှုပ်ရှားပြီး ဈေးနှုန်းမြင့်တက်နေ

မြန်မာနိုင်ငံမှထွက်ရှိသည့် ပဲယဉ်းများ ပြည်တွင်း၊ ပြည်ပဝယ်လိုအားမြင့်တက်နေသဖြင့် ဈေးကွက်သွက်လက်လှုပ်ရှားပြီး ဈေးနှုန်းမြင့်တက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရသိရသည်။

ပဲယဉ်းသည် အခွံမာ၍ ဈေးကွက်တွင် ပဲယဉ်းနီက ဈေးပိုမိုရရှိကြောင်း၊ ပဲယဉ်းကို ပြည်ပသို့လစဉ် အပတ်စဉ်တင်ပို့ရောင်းချပေးနေရကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၈ ရက်ထိ မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲအမျိုးအစား ၂၀ ကျော် တင်ပို့ရောင်းချပေးခဲ့ရာ ပဲယဉ်းသည် အများဆုံးတင်ပို့ရောင်းချပေးခဲ့ရသည့် ပဲအမျိုးအစားငါးမျိုးစာရင်းတွင် ပါဝင်နေကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၈ ရက်ထိ ပဲယဉ်းကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၀၉ သန်းဖိုး၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၅၂ သန်းဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၀၆၁ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရကြောင်းသိရသည်။

ပဲယဉ်းဈေးနှုန်းများမှာ ယခုနှစ် ဧပြီလက ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၄၁၀၀၀ သာ ပေါက်ဈေးရှိခဲ့ရာမှ ယခု ဇူလိုင်လတွင် ပြည်တွင်း၊ ပြည်ပဝယ်လိုအားများနေသဖြင့် တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

ပဲယဉ်းကို သြဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလတို့တွင် စိုက်ပျိုးပြီး မတ်၊ ဧပြီ၊ မေလတို့တွင် ရိတ်သိမ်းလေ့ရှိကြောင်း၊ ပဲယဉ်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများတွင် အများဆုံးစိုက်ပျိုးကြကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရောင်းလိုအားကျနေဆဲ မတ်ပဲ

ဇူလိုင်လအစပိုင်းတွင် အတက်ကြမ်းခဲ့သော မတ်ပဲဈေးနှုန်းသည် ပထမသီတင်းပတ်ကုန်တွင် ပြန်လည် ကျဆင်းလာခဲ့ပြီး အဝယ်သာရှိ၍ အရောင်းမရှိသည့်အခြေအနေအထိဖြစ်ခဲ့သည်။ တစ်တင်းလျှင် ကျပ် ၆၀၀၀၀ နီးပါးအထိဖြစ်လာခဲ့ပြီးနောက် တစ်ပတ်အတွင်း ကျပ် ၅၀၀၀၀ ခန့်အထိ ပြန်လည်ကျဆင်းသွားကြောင်းတွေ့ရသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်းဖြစ်ပေါ်ခဲ့သော ရောဝတီတိုင်းဒေသကြီး၏ မတ်ပဲဈေးနှုန်းများမှာ ဇူလိုင်လ ၁၅ ရက်နေ့တွင် တစ်တင်းလျှင်ကျပ် ၅၀၀၀၀၊ ၁၆ ရက်နေ့တွင် ကျပ် ၅၁၇၀၀၊ ၁၇ ရက်နေ့တွင် ကျပ် ၅၁၇၀၀၊ ၁၈ ရက်နေ့တွင်ကျပ် ၅၁၇၀၀၊ ၁၉ ရက်နေ့တွင် ကျပ် ၅၃၅၀၀၊ ၂၀ ရက်နေ့တွင် ကျပ် ၅၄၃၀၀၊ ၂၁ ရက်နေ့တွင် ကျပ် ၅၃၆၀၀-၅၃၀၀၀ အသီးသီး ဖြစ်ပါသည်။

တစ်တင်းလျှင်ကျပ် ၅၀၀၀၀-၅၁၇၀၀ ဖြစ်နေသည့်အချိန်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် အိန္ဒိယအစိုးရက မြန်မာနိုင်ငံနှင့် MoU ချုပ်ဆိုထားသည့်အတိုင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်မတ်ပဲတန်ချိန် ၂ သိန်းခွဲနှင့် ပဲစဉ်းငုံတန်ချိန် ၁ သိန်းကို ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်လိုက်သဖြင့် ၁၉ ရက်နေ့တွင် မတ်ပဲဈေး အနည်းငယ်ပြန်တက်လာသည်။

သို့သော် နောက်ပိုင်းရက်များတွင် ယခင်ကျဆင်းနေမြဲအတိုင်း ဈေးပြန်ကျလာကြောင်းတွေ့ရသည်။ လက်ရှိ အခြေအနေအရ အဝယ်ရှိသော်လည်း အရောင်းမရှိသည့် အခြေအနေမျိုးဖြစ်သည်။ မတ်ပဲလက်ကျန်လည်း နည်းပါးလာနေပြီး မတ်ပဲလက်ဝယ်ရှိသူများကလည်း ဈေးကောင်းရရန် စောင့်ဆိုင်းနေသည့်သဘောဖြစ်သည်။

ခန့်မှန်းချက်များအရ ၂၀၂၂ခုနှစ် သြဂုတ်လမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂ သိန်းနှင့် ၂ သိန်းခွဲကြား တင်ပို့ရန်ရှိနေသည်။ အိမ်နီးချင်းနိုင်ငံ၏ ပဲလိုအပ်ချက်နှင့်ဝယ်လိုအားအရ မြန်မာမတ်ပဲကို ဆက်လက်ဝယ်ယူနေမည်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော ငွေကြေးလဲလှယ်မှုကန့်သတ်ချက်များအရ Export/Import ကိစ္စရပ်များတွင် အခက်အခဲများရှိနေသည်။

Export earning ကို မြန်မာကျပ်ငွေ ၁၈၅၀ နှုန်းဖြင့် သတ်မှတ်လဲလှယ်ရန်၊ ပြည်ပတင်ပို့မည့် ကုန်ပစ္စည်းအတွက် ငွေပေးချေမှုကိုအရင်ဆောင်ရွက်ရန် ။ ကနဦးသတ်ချက်များထုတ်ပြန်လာရာ၊ မူဝါဒအသစ်တစ်ခုချမှတ်ပြီးနောက် ၎င်းမူဝါဒအရ လုပ်ဆောင်ရသည့် လုပ်ငန်းအဆင့်များတွင် အချိန်ပေး၍စောင့်ကြည့်ဆောင်ရွက်ရခြင်းကြောင့်လည်းကောင်း၊ သတ်မှတ်ဒေါ်လာဈေးနှုန်းနှင့် ပြင်ပပေါက်ဈေးကွာခြားချက်ကြောင့်လည်းကောင်း၊ exporter များသည် ပြည်ပတင်ပို့ရောင်းချမည့် ထုတ်ကုန်ပစ္စည်းများကို ထိန်းသိမ်းဝယ်ယူနေရသည့် အခြေအနေဖြစ်သည်။

Exporter များဘက်မှ ဈေးထိန်း၍ဝယ်နေသကဲ့သို့ မတ်ပဲလက်ဝယ်ရှိသူများကလည်း ဈေးကောင်းရရှိချိန်ကို စောင့်ဆိုင်းရောင်းချလိုသဖြင့် အရောင်းအဝယ်ကျဆင်းလျှက်ရှိသည်။

အိမ်နီးချင်းနိုင်ငံ၏ပဲလိုအပ်ချက်နှင့် မူဝါဒများအရ မြန်မာမတ်ပဲလက်ကျန်ရှိသ၍ တင်ပို့ရောင်းချရမည်ဖြစ်သည်။ သို့သော် အိမ်နီးချင်းနိုင်ငံ ပြည်တွင်းဈေးကွက်ရှိ ပဲဈေးနှုန်းမှာ များစွာကျဆင်းခြင်းမရှိသော်လည်း မြန်မာမတ်ပဲ ပြည်တွင်းဈေးနှုန်းသည် အစိုးရ၏ငွေကြေးမူဝါဒများ၊ ငွေလဲလှယ်နှုန်းများ၊ Export/Import မူဝါဒများအပေါ် များစွာမူတည်နေမည်ဖြစ်ပြီး ဈေးအတက်အကျခန့်မှန်းရန် မလွယ်ကူကြောင်းတွေ့ရပါသည်။

**Source: ရောကုန်သွယ်မှုဗဟိုဌာန**

## ဘိုကလေးမြို့နယ်မှ ဒေသထွက်ပင်လယ်စာခုံးများ ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းသွက်နေ

ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ်မှ ဒေသထွက်ပင်လယ်စာခုံးများ ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းသွက်လျက်ရှိကြောင်း ဘိုကလေးမြို့နယ်ရှိ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှသိရသည်။

ဘိုကလေးမြို့နယ်မှ ခုံးရှာဖွေရရှိမှုသည်လည်း ယခင်နှစ်များထက်ပိုမိုရရှိနေပြီး ဒေသထွက်ပင်လယ်စာခုံးများကို ဇူလိုင်လပထမပတ်မှစ၍ ဝယ်ယူမှုအာကောင်းလာခြင်းကြောင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသော ခုံးအသားတစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၃၅၀၀ ထိ ရောင်းအားရှိနေကြောင်း သိရသည်။

"ခုံးရှာဆယ်တဲ့လှေက ရေသေရက်တွေမှာဆို တစ်ရက်ကို အစီး ၁၀၀ ကျော်တောင် ရှိပါတယ်။ နေ့တိုင်းလဲ လှေသမားပုံမှန်ခုံးဆယ်နေတာရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ပင်လယ်စာခုံးတွေကို ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က ဇူလိုင်လပထမပတ်ကနေ တဖြည်းဖြည်းဝယ်ယူမှု အားကောင်းလာပြီး ဒီနေ့ထိ အရောင်းသွက်နေတာဖြစ်ပါတယ်။ ပြည်တွင်းအဓိကဈေးကွက်ကနေ ဝယ်ယူမှုအားကောင်းလာလို့ အရောင်းသွက်နေပါတယ်။ လက်ရှိတစ်ရက်ကို ခုံးအသားပိဿာချိန် ၃၅၀၀ ထိ အရောင်းသွက်နေပါတယ်။ ဒီဒေသထွက် ပင်လယ်စာခုံးတွေကို ရန်ကုန်ကနေတစ်ဆင့် နေပြည်တော်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချလျက်ရှိပါတယ်" ဟု ဘိုကလေးမြို့နယ်ရှိ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးမြတ်ကပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ခုံးရှာဖွေသူများထံမှ ခုံးများကိုဝယ်ယူ၍ ရေနွေးဖြင့်ပြုတ်ပြီး အခွံခွာကာ စားသုံးနိုင်သည့်အဆင့်ရောက်ရှိရန် လုပ်ဆောင်ရကြောင်း၊ အဆိုပါ ခုံးအသားတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ထိဈေးရှိကြောင်း ဘိုကလေးမြို့နယ်ရှိ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မကွေးကုန်စည်ဒိုင်ခန်းမတွင် အရောင်းအဝယ်များပြန်လည်ပြုလုပ်

ယနေ့ (ဇူလိုင် ၂၁ ရက်) မကွေးကုန်စည်ဒိုင်ခန်းမတွင် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် သီးနှံမျိုးစုံ အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ မကွေးကုန်စည်ဒိုင်တွင် တစ်စုတစ်စည်းတည်း အရောင်းအဝယ်ပြုလုပ်တဲ့အတွက် အဆင်ပြေနေကြောင်းသိရပါတယ်။ ယနေ့မှာ နှမ်းညိုကြားအနေဖြင့် ဆီစက်လုပ်ငန်းရှင်များမှ အဝယ်ရှိနေသဖြင့်

ဈေးတက်လာတာကိုတွေ့ရှိရပြီး ကျန်နှမ်းများကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။ ပဲမျိုးစုံအနေဖြင့် ပဲစဉ်းငုံကတော့ လိုအပ်ချက်ရှိနေတဲ့အပြင် လက်ကျန်လည်းနည်းချိန်ဖြစ်၍ ဈေးကတော့ အတက်ဘက်မှာရှိနေပါတယ်။ ပဲတီစိမ်းကတော့ တရုတ်ဝယ်လက်ရှိတဲ့အတွက် ဈေးအနည်းငယ်တက်လာကာ ကုလားပဲအုပ်စုကတော့ ဈေးမာနေပြီး မြေပဲဆံဈေးကတော့ တရုတ်ဘက်မှ အဝယ်လိုက်နေတဲ့အတွက် ဈေးတက်နေတာလည်းဖြစ်တယ်လို့ ကုန်သည်အသိုင်းအဝိုင်းက သုံးသပ်တာကို တွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးနှုန်းအနေနဲ့ နှမ်းညိုကြား ၄၅ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် ယခင်နေ့ (ဇူလိုင် ၂၀ ရက်) ကျပ်(၁၆၅၀၀၀) ဈေးဖြစ်ပြီး ယနေ့မှာတော့ ကျပ်(၁၈၅၀၀၀)ဈေးဖြစ်တဲ့အတွက် (၂၀၀၀၀)ကျပ်ဈေးတက်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ ပဲမျိုးစုံအနေဖြင့် ပဲတီစိမ်း(၁၉)ပိဿာ (၁)တင်းလျှင် ယခင်နေ့ ကျပ်(၄၆၀၀၀) ဈေးဖြစ်ပြီး ယနေ့ကျပ်(၄၇၀၀၀) ဈေးဖြစ်တဲ့အတွက် (၁၀၀၀)၊ ကုလားပဲ(929) (၁၉)ပိဿာ(၁)တင်းလျှင် ယခင်နေ့ကျပ်(၄၉၀၀၀)ဈေးဖြစ်ပြီး ယနေ့ကျပ်(၄၉၅၀၀) ဈေးဖြစ်တဲ့အတွက် (၅၀၀)ကျပ်၊ ကုလားပဲ(HL) (၁၉)ပိဿာ(၁)တင်းလျှင် ယခင်နေ့ ကျပ်(၄၈၀၀၀) ဈေးဖြစ်ပြီး ယနေ့ ကျပ်(၄၈၅၀၀) ဈေးဖြစ်တဲ့အတွက် (၅၀၀)ကျပ်၊ ကုလားပဲ(သေး) (၁၉)ပိဿာ (၁)တင်းလျှင် ယခင်နေ့ ကျပ်(၄၄၅၀၀) ဈေးဖြစ်ပြီး ယနေ့ ကျပ်(၄၆၀၀၀)ဈေးဖြစ်တဲ့အတွက် (၁၅၀၀) ကျပ်တို့ ဈေးအသီးသီးတက်ခဲ့ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ မြေပဲဆံဈေးနှုန်းအနေဖြင့် မြေပဲလုံးဆံနီ(၁)ပိဿာလျှင် ယခင်နေ့(၄၆၀၀)ကျပ်ဈေးဖြစ်ပြီး ယနေ့(၅၀၀၀)ကျပ်ဈေး ဖြစ်တဲ့အတွက်(၄၀၀)ကျပ်၊ မြေပဲလုံးဆံဖြူ (၁)ပိဿာလျှင် ယခင်နေ့(၄၈၀၀)ကျပ်ဈေးဖြစ်ပြီး ယနေ့ (၅၀၀၀) ကျပ်ဈေးဖြစ်တဲ့အတွက် (၂၀၀)ကျပ်တို့ ဈေးများတက်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါတယ်။

Source: ဖန်ခါးမြေကုန်သွယ်မှုဇဟိုဌာန

## မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်သုံးခရိုင်၌ ဆောင်းနေကြာမျိုးစေ့ထုတ်ကေ ၇၀၀ စိုက်ပျိုးသွားမည်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်သုံးခရိုင်၌ ဆောင်းနေကြာမျိုးစေ့ထုတ် ကေ ၇၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က ပြောပြ၍ သိရသည်။

အဆိုပါ ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ကေများကို ကျောက်ဆည်ခရိုင်တွင် ကေ ၃၀၀၊ မိတ္ထီလာခရိုင်တွင် ကေ ၁၀၀၊ ရမည်းသင်းခရိုင်တွင် ကေ ၃၀၀ စုစုပေါင်းကေ ၇၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးကွဲအလိုက်အနေဖြင့် ဆင်းရွှေကြာ (၂)မျိုး ကေ ၆၂၀ နှင့် ရေဆင်း (၁)မျိုး ကေ ၈၀ တို့ကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

"ဆောင်းနေကြာကို စက်တင်ဘာလကနေ အောက်တိုဘာလအတွင်း စိုက်ပျိုးလေ့ရှိပါတယ်။ စက်တင်ဘာလ စိုက်ကေတွေအနေနဲ့ ဒီဇင်ဘာလဆန်းမှာ ရိတ်သိမ်းသွားမှာဖြစ်ပါတယ်။ နေကြာတိုးချဲ့ စိုက်တာက စားသုံးဆီဖူလုံစေဖို့အတွက်ပါ။ နေကြာစိုက်ကေ တိုးချဲ့စိုက်တာနဲ့အမျှ စိုက်ကေတွေအတွက် မျိုးစေ့တွေကို ဖြည့်တင်းပေးနိုင်ဖို့အတွက် မျိုးစေ့ထုတ်ကေတွေကို စိုက်ပျိုးရတာဖြစ်ပါတယ်။ မနှစ်က တစ်တင်းကို ငွေကျပ် ၂၂၀၀၀ နှုန်းရောင်းချခဲ့ရပါတယ်။ အကျိုးအမြတ်ရကြပါတယ်" ဟု ဒေါ်မင်းမင်းသွင်က ပြောပြသည်။

အဆိုပါ ဆောင်းနေကြာမျိုးစေ့ ထုတ်ကေ ၇၀၀ မှ ထွက်ရှိလာသည့်မျိုးများကို ဒေသတွင်းနေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးကောင်းမျိုးသန့် စိုက်ဧရိယာကျယ်ပြန့်တိုးတက်လာစေရေးအတွက် ပြန်လည်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ပိုလျှံမည့်မျိုးစေ့များကို အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချ ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်းများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဂါနာနိုင်ငံ၏ သရက်သီးတင်ပို့မှု တိုးတက်ခဲ့

၂၀၂၀ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဂါနာနိုင်ငံ၏ သရက်သီးတင်ပို့မှုသည် (၂၈) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရပါသည်။ ဂါနာပို့ကုန်မြှင့်တင်ရေးဇဟိုဌာန (Ghana Exports Promotions Center-GEPA) ၏ အချက်အလက်များအရ ဂါနာနိုင်ငံ၏

၂၀၂၀ ခုနှစ်၊ သရက်သီးတင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ (၅၀.၃) သန်းနှင့်နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၆၄.၆) သန်းသို့ တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့သရက်သီးတင်ပို့သည့် နိုင်ငံများစာရင်းတွင် ဂါနာနိုင်ငံအနေဖြင့် အဆင့် (၁၁) နေရာ၌ ရပ်တည်ခဲ့ပါသည်။

၂၀၂၁ ခုနှစ်တွင် ယူနိုက်တက်ကင်းဒမ်း (UK) နိုင်ငံ၏ သရက်သီးတင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ (၂၃၀) သန်း ရှိခဲ့ရာတွင် ဂါနာနိုင်ငံသည် UK ဈေးကွက်အတွက် သရက်သီးအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်ခဲ့ပါသည်။ ဂါနာနိုင်ငံမှ သရက်သီး ကို တင်သွင်းသည့် အခြားနိုင်ငံများမှာ ဂျာမနီနိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၉.၉ သန်း)၊ ဆွစ်ဇာလန်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၆.၁ သန်း)၊ ဘယ်လ်ဂျီယံနိုင်ငံ (တင်သွင်းမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂.၇ သန်း) နှင့် ပြင်သစ်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁.၂ သန်း) တို့ ဖြစ်ကြပါသည်။

ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ ဆွစ်ဇာလန်နှင့် ဘယ်လ်ဂျီယံစသည့် အဓိကဈေးကွက် (၄) နိုင်ငံမှတင်သွင်းမှုသည် ဂါနာနိုင်ငံမှ သရက်သီးတင်ပို့မှုတန်ဖိုးစုစုပေါင်း၏ (၉၁.၄) ရာခိုင်နှုန်းကို ကိုယ်စားပြုထားပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် အတွင်း ဂါနာနိုင်ငံမှ ဂျာမနီနိုင်ငံသို့ သရက်သီးတင်ပို့မှု (၂၇) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ ဆွစ်ဇာလန်နိုင်ငံသို့ တင်ပို့မှုတွင် (၉) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။

ကမ္ဘာ့သရက်သီးဈေးကွက်ဝယ်လိုအားမှာ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း တည်ငြိမ်စွာဖြင့် တိုးတက်နေပါသည်။ အမေရိကန် နိုင်ငံသည် တင်သွင်းမှုတန်ဖိုးအမေရိကန် ဒေါ်လာ (၈၁၈.၂) သန်းဖြင့် ကမ္ဘာ့သရက်သီး အများဆုံးတင်သွင်းသူ အဖြစ် ရပ်တည်ခဲ့ကြောင်း၊ အခြားထင်ရှားသော သရက်သီးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇၇၄.၇၈ သန်း)၊ နယ်သာလန်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၆ သန်း)၊ ဂျာမနီနိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၃.၄ သန်း)၊ ယူနိုက်တက် ကင်းဒမ်း (တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀.၁ သန်း)၊ ပြင်သစ်နိုင်ငံ (တင်သွင်းမှုတန်ဖိုး အမေရိကန် ဒေါ်လာ ၁၅၅.၈ သန်း) တို့ဖြစ်ကြကြောင်း သိရပါသည်။

အခွန်သက်သာခွင့်ပေးအပ်ထားမှုအခြေအနေများ၊ ဈေးကွက်ပျမ်းမျှတိုးတက်မှုနှုန်းနှင့် ပထဝီအနေအထား အားသာချက် များအရ ဂါနာနိုင်ငံအနေဖြင့် ဈေးကွက်အမျိုးမျိုး ကွဲပြားတင်ပို့နိုင်ရေးအတွက် ရှာဖွေထိုးဖောက်ရန် အလားအလာရှိသည့် ဈေးကွက်သစ်များမှာ ရုရှား၊ စပိန်နှင့်ဟောင်ကောင်တို့ဖြစ်ကြသည်ဟု သိရပါသည်။

**(ကျော်စိန်ဝင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့)**

**ရင်းမြစ် – https://www.freshplaza.com/, https://www.businessghana.com/**

## STOCK EXCHANGE (22.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 57 | 416,100 | 33,109,694 | 241,701 |
| MTSH | 00002 | 2,550 | -50 | -1.92% | 2,550 | 2,550 | 2,550 | 2,880 | 7,344,000 | 38,929,150 | 99,269 |
| MCB | 00003 | 7,200 | -100 | -1.37% | 7,200 | 7,200 | 7,200 | 3 | 21,600 | 10,400,986 | 74,888 |
| FPB | 00004 | 17,500 | -500 | -2.78% | 17,500 | 17,500 | 17,500 | 7 | 122,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 100 | 245,000 | 12,823,224 | 31,417 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,550 | 2,550 | 2,500 | 20 | 50,300 | 19,977,223 | 49,943 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,388 |

## Market summary

As of 22nd Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 339.65 | -2.80 | -0.82% | 340.23 | 340.23 | 339.65 | 3,067 | 8,199,500 | 7 | 590,867 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 22nd Jul. 2022

| MYANPIX | 339.65 ▼ 2.80 |
|---|---|
| Total Volume (shares) | 3,067 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 590,867 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 0 |
| MTSH | 00002 | 2,550 | ▼ 50 |
| MCB | 00003 | 7,200 | ▼ 100 |
| FPB | 00004 | 17,500 | ▼ 500 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |